# စစ်မှန်သောနောင်တနှင့်အလှူ

ဒေါက်တာတင်မောင်ထွန်း

တရားကိုဆင်ခြင်ခြင်းသည် မင်္ဂလာရှိသလို၊ တရားကိုကျင့်ခြင်းသည်လည်း မင်္ဂလာရှိပါသည်။ သို့သော်တရား၌ အသက်မရှိပါ။ ထာဝရဘုရားမူကား အသက်ရှင်တော်မူသော ပုဂ္ဂိုလ်တော်မြတ်ဖြစ်ပါသည်။ တရားကိုရှာ၍သိပြီး ကျင့်ကြံအားထုတ်ခြင်းကြောင့် ရရှိသောမင်္ဂလာထက် အသက်ရှင်သောဘုရားကို ရှာ၍ ပုဂ္ဂိုလ်ချင်းထိတွေ့မိဿဟာယဖွဲ့ခွင့်ရသော မင်္ဂလာက သာ၍ကြီးသောမင်္ဂလာဖြစ်ပါသည်။ ဘုရားသခင်ကိုရှာပါက မနောနှင့်အာရုံပြုတမ်းတဖို့လိုပါသည်။

ထိုသို့ရှာပါက သဗ္ဗညုတဉာဏ်တော်ရှင်က သိတော်မူ၍ အတွေ့ခံတော်မူမည်ဖြစ်သည်။ တရားကို ရှာလျှင်မူကား တရားပေးနေသောနေရာများသို့ သွား၍ကြားနာရသည်။ ဤလောကကြီးထဲ၌ အကြီးမားဆုံးသော မင်္ဂလာမူကား အသက်ရှင်သောဘုရားကိုသိ၍ အသက်တာ၌ အကျွမ်းတဝင်ဖြစ်ပြီး၊ ရင်းနှီးနီးကပ်စွာ သွားလာရှင်သန်ခွင့်ရခြင်းပင်ဖြစ်ပါသည်။ ဘုရားသည် မေတ္တာနှင့်တွဲဖက်၍ ရှင်သန်နေသောပုဂ္ဂိုလ်တော်မြတ်ဖြစ်သည်။ မေတ္တာက ဆုံးမလျှင်ပင် ကောင်းစေလို၍ ဆုံးမခြင်းဖြစ်ပါသည်။ ထောင်ကမေတ္တာသက်သေမဟုတ်၊ သစ္စာ၏သက်သေဖြစ်သည်။ ဆိုးသောသူကို တရားအရအပြစ်ပေး၍ ထောင်၌အကျဉ်းချထားရသည်။ ဆိုးသောသားရှိသော မိခင်က အမှားပြု၍ နောင်တရပြီး ဝန်ချတောင်းပန်ပါက အမှားအလျှောက်ကြီးသောဒဏ်ပေးမည်ဟုမဆို မေတ္တာနှင့်ခွင့်လွှတ်၍ လက်ခံပါသည်။ မိခင်က မေတ္တာနှလုံးသားနှင့် အမှားပြုသောသားကို မတောင်းပန်မီကပင် ခွင့်လွှတ်ဖို့ စောင့်နေသူဖြစ်သည်။ အပြစ်ပြုသောသားအပေါ် အပြစ်အလျောက်ဆုံးမသည်က တစ်ပိုင်း၊ မေတ္တာအရ ခွင့်လွှတ်ခြင်းကတစ်ပိုင်းဖြစ်ပါသည်။

**မထီမဲ့မြင်မပြုမိကြဖို့ သတိပြုပါ။**

*"အလွဲမယူကြနှင့် ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည့်အတိုင်း၊ အသီးအနှံကိုရိတ်ရလိမ့်မည်။ မိမိဇာတိပကတိအတိုင်း မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။(ဂလာ ၆း၇-၈)*

တရားအရ ဆင်ခြင်ပါက ကံ ကံ၏အကျိုးသစ္စာကြောင့် အဆိုးပြုထားပါက မလွတ်နိုင်ပါ။ ဘုရား ၏ နှုတ်ကပတ်တော်စကားအရ သစ္စာတရားကဏ္ဍ၌ လူသည်စိုက်သည့်အတိုင်းရိတ်ရမည်ဖြစ်သည်။ မလွတ်နိုင်ပါ။ ထိုဘုရားရှင်ကပင် မေတ္တာသဘာဝကဏ္ဍက ဤသို့မိန့်ဆိုပါသည်။ *"ဘုရားရှင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။"(၁ယော၊ ၄း၈)*

ဘုရားရှင်၌ သစ္စာသဘာဝရှိသလို၊ မေတ္တာနှင့် ပြည့်ဝတော်မူသောအရှင်လည်း ဖြစ်ပါသည်။ သစ္စာ သဘာဝ တရားကို မလေးစားအမှားပြုပါက ထိုသူ အားဆုံးမဒဏ်ခတ်ရမည်ဖြစ်သလို ထိုသူသည် မိမိ စိုက်သည့်အတိုင်း ပုပ်ပျက်ခြင်း၏အသီးအနှံကို ရိတ်ရမည်ဖြစ်သည်။ လောကကြီးထဲ၌ သတိပေးစကားတိုင်း သည် အကျိုးနှင့်ယှဉ်တွဲနေပါသည်။ မှိုစားပါက ကန်စွန်းရွက်နှင့်တွဲစားဖို့ပြောပါသည်။ အချို့မှိုက အဆိပ်ရှိ၍ ကန်စွန်းရွက်ကအဆိပ်ကို ဖြေစေနိုင်သောကြောင့် မှား၍မစားသင့်သော မှိုကိုစားမိပါက အဆိပ်သင့်ပြီးမသေဖို့ရန်ဖြစ်သည်။ အန္တရာယ်ရှိ၍မှိုစားလိုသူအတွက် အကျိုးနှင့်ယှဉ်သောမေတ္တာနှင့်သတိပေးစကားဖြစ်ပါသည်။ (၁ကော၊ ၁၃)တွင် မေတ္တာ၏သဘာဝကို ဤသို့ဖော်ပြထားပါသည်။

*"မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏။ ... ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်"(၁ကော ၁၃း၄-၅)* သားသမီးအပေါ်ထားသော မိဘတို့၏စိတ်ရှည်မှုကို ဘေးလူကမခံနိုင်ပါ။ သားဆိုဖြစ်ပါလျက်နောင်တရလာမည့်အရေးတွေး၍ စိတ်ရှည်စွာ မေတ္တာပြကြသည်။ သစ္စာတရားအရသူ့အကျိုးအတွက် ဆုံးမရသော်လည်း မေတ္တာစိတ်ကသူ့အတွက်အကျိုးဖြစ်စေမည့်အရေးစဉ်းစားပေးကြသည်။ ဘုရားရှင်သည်မေတ္တာရှိသလိုသစ္စာရှင်လည်းဖြစ်တော်မူ၍ တရားကိုသိလျက်

ဘုရားကိုကျောခိုင်းပြီး ဆိုးပေတေနေသူကို အပြစ် အလျောက်ဆုံးမဒဏ်ခတ်ရသော်လည်း သံဝေဂတရား ရ၍ နောင်တနှင့်ဘုရားဘက်ကိုလှည့်လာပါက ထိုအချိန် ၌ပင် ခွင့်လွှတ်၍ မေတ္တာ၏အကျိုးကိုခံစားစေပါသည်။ လူ၌ ထိုသို့သောမေတ္တာမရှိ။ အပြစ်ရှိသူ၊ ကြွေးရှိသူ အပေါ်၌အကြွေးပြန်မဆပ်နိုင်၍ ကြွေးရှင်ကသူ့အားခွင့် လွှတ်ရလျှင်ပင် မှတ်ထားတတ်သည်။ လုံးဝမအောက် မေ့ဘဲ မေ့ပစ်တတ်သည်မဟုတ်။ ဘုရားရှင်မူကား ထိုကဲ့သို့မဟုတ်။ မည်သည့်အရာကိုမျှ မမြော်လင့်၊ မည် သည့်အရာကိုမျှ မတောင်းဆိုဘဲ အလုံးစုံကိုခွင့်လွှတ်၍ လက်ခံခြင်းဖြစ်သည်။ ယနေ့ ခေတ်ကာလသည် ခဲယဉ်း မှု၊ ဆိုးယုတ်မှုတို့ဖြင့် ပြည့်နေသောအချိန်ဖြစ်သည်။ ထိုအချိန်၌ ဘုရားသခင်ထံသို့လာသင့်မှန်းသိလျက် မလာကြ၊ ကိုယ်တော်ကိုအမှီပြုသင့်မှန်းသိလျှက်နှင့် အမှီမပြုကြ၍ ခက်ခဲနေကြသည်။ စိတ်နှလုံးမငြိမ်မသက် ဖြစ်နေကြရသည်။ ကိုယ်တော်က ထိုသူများကိုမစလို၍ စောင့်နေသော်လည်း ကိုယ်တော်ထံသို့ မလာကြ။ ကျွန်ုပ်တို့၏ပြဿနာခက်ခဲမှုမပြေလည်ကြခြင်းမှာ ကိုယ်တော်၌တာဝန်မရှိပါ။ မိမိ၌ခဲယဉ်းလေးပိနေမှန်း သိလျက်နှင့်မလာသူ၏အပြစ်သာဖြစ်ပါသည်။

**အချင်းချင်းအပြစ်ကိုခွင့်လွှတ်ကြဖို့ ရန်**

လူတစ်ယောက် မိမိအမှားအတွက်လာရောက် တောင်းပန်သည့်အခါ ထိုသူအမှန်တကယ် နောင်တ ရမရကျွန်ုပ်တို့မသိနိုင်ပါ။ သို့သော် ထိုသို့တောင်းပန် ဝန်ချသူကို အပြစ်ခွင့်လွှတ်လိုက်ဖို့ ကိုယ်တော်က မိန့်တော်မူပါသည်။ လူက အမှန်တကယ် နောင်တရ ကြောင်း သက်သေပြစေလိုကြသည်။ ဘုရားသခင်သည် လူတစ်ယောက်၏အမှားအတွက် ထိုသူအပေါ်၌ ချည်နှောင်မထားဘဲ ခွင့်လွှတ်လိုက်ဖို့ အလိုတော် ရှိပါ သည်။ တောင်းပန်ဝန်ချသည့်အခါ၌မူ သူ့ကို လက်ခံ၍ မိဿဟာယထဲ၌ပြန်၍ပါဝင်စေဖို့ ဖြစ်ပါ သည်။ ဘုရားရှင်မူကား သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်၍ လူ တစ်ဦး နောင်တရမရအကြွင်းမဲ့သိတော်မူပါသည်။

*"ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင် တတ်၏။ ထိုသို့သောသူသည် ဆွေးမြေ့ယိုယွင်း၍ စက် ဆုပ်ဘွယ်သောအမှုကို ပြုတတ်ကြ၏။"(ဆာ ၅၃း၁)*

လူတစ်ဦးသည် စိတ်နှလုံး၌ ဘုရားမရှိဟု ခံ ယူပါက ဒုစရိုက်ကိုပြုဖို့ ဝန်မလေးပါ။ ထိုသူသည် ဘုရား မရှိဟုယူဆသောကြောင့် ဒုစရိုက်ပြုမိလျှင်ပင် မှားသည် ဟုမမြင်ပါ။ ဘုရားဘက်သို့ လှည့်လာဖို့မူကား သာ၍ ဝေးလှပေသည်။ လူသည် ဘုရားကိုမသိ၍ ဝိညာဉ်၌ ထိတွေ့ဆက်သွယ်မှုမရှိသော်လည်း ဘုရားသခင်သည် ကာလအစဉ် အသက်ရှင်၍ တည်ရှိနေတော်မူသော အရှင်ဖြစ်ပါသည်။ ဘုရားရှိကြောင်းကို တရားက သက် သေထူပါသည်။ တရားအရ ကံ ကံ၏အကျိုးလောက ၌ ပိလေးမှုခံစားရပြီး အဆုံး၌ အပါယ်လားရမည့် ဆိုး ကျိုးမှ လွတ်စေနိုင်သောအရှင်သည် ဘုရားသခင်သာ လျှင်ဖြစ်ပါသည်။ လူ့ရှေ့၌ မည်မျှယိုယွင်း၍ နာခေါင်း ရှုံ့စရာဖြစ်နေပါစေ၊ ဘုရားသခင်ရှေ့တော်၌ သန့်ရှင်း စင်ကြယ်၍ ချစ်ဖွယ်ကောင်းသောသူတစ်ဦးဖြစ်နိုင်ပါ သည်။ ထိုသို့ ဖြစ်နိုင်ဖို့ရန် ဘုရားသခင်ရှေ့တော်သို့ စစ်မှန်သော နောင်တနှင့်တိုးဝင်ဖို့ လိုအပ်ပါသည်။

*"အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ် ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏။ ထာဝရ ဘုရားအပြစ်တင်တော်မူခြင်းနှင့်လွှတ်၍ လှည့်စားတတ် သောစိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာ ရှိ၏။"(ဆာ၊ ၃၂း၁–၂)* နောင်တရ၍ မိမိအပြစ်ကို ဝန်ခံ လျက် ဘုရား သခင်ရှေ့တော်သို့တိုးဝင်သောသူသည် မင်္ဂလာရှိသောသူဖြစ်သည်။ ထိုသူသည် အပြစ်မှ လွတ် ခြင်း အခွင့်ကို ထာဝရဘုရားထံမှ ခံစားရသူဖြစ်ရုံမျှမက အပါယ်လားရမည့်အခြေမှ လွတ်မြောက်သွားသူ ဖြစ်သည်။ သို့သော် မိမိကိုယ်မိမိ အပြစ်မရှိသယောင် လှည့်စားသော စိတ်သဘောနှင့် အသက်ရှင်နေသော သူမူကား ဘုရားသခင်ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါသည်။

*"ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍၊ ဒုစရိုက်ရှိသမျှတို့နှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့် လည်းကောင်းဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံ တော်မူ၏။"(၁ကော ၁း၉)* ဘုရားသခင် ရှေ့တော်သို့ စစ်မှန်သော နောင်တနှင့်တိုးဝင်၍ ဝန်ချတောင်းပန်သူ သည် မိမိအပြစ်များကို မှတ်မိသည်ဖြစ်စေ၊ မမှတ် မိသည်ဖြစ်စေ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းခံရ၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေမည်ဖြစ်ကြောင်း ဂတိ

ထားပါသည်။ ဘုရားသခင်သည် သစ္စာတရား၊ ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်စုံသော အရှင်ဖြစ်ပါသည်။

*"ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင် ... ဘုရားသခင်၏ သားတော်ယေရှုခရစ်၏အသွေးတော်သည် ငါတို့ အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။" (၁ယော ၁း၇)* ကျွန်ုပ်တို့သည် သားတော်၏ အသွေး တော်အားဖြင့် အပြစ်ရှိသမျှဆေးကြောခြင်းကို ခံရပါသည်။ ထိုဂတိတော်သည် ဘုရားသခင်၏ နှုတ် ကပတ်တော် ဂတိစကားဖြစ်ပါသည်။ ယုံကြည်ခြင်း အားဖြင့် အကျိုးခံစားနိုင်သလို မယုံကြည်၍လည်း ရပါသည်။

**ကိုယ်တော်အားသာ၍ချစ်သောသူ**

(လု၊ ၇)တွင် ဖာရိရှဲတစ်ယောက်သည် မိမိအိမ်၌ စားသောက်ဖို့ရန် ကိုယ်တော်ကို ခေါ်ဖိတ်သည်ကို တွေ့ရသည်။ ထိုအချိန်၌ ထိုမြို့မှဆိုးသော မိန်းမတစ်ယောက်သည် အဘိုးများစွာထိုက်သော ဆီမွှေးကျောက်ဖြူခွက်တစ်လုံးကို ယူခဲ့၍ ထိုခွက်ကိုခွဲပြီးလျှင် ကိုယ်တော်၏ခြေတော်အပေါ်၌ လောင်းချ၍ ငိုကြွေးလျက် မိမိဆံပင်နှင့်ခြေတော်ကိုသုတ်လိမ်းလျက်နေပါသည်။ ထိုမိန်းမသည် မိမိအပြစ်များအတွက် နောင်တရ၍ ကျိုးပဲ့သောနှလုံးသားနှင့် တိုးဝင်နေခြင်းဖြစ်ပါသည်။ သို့သော် ကိုယ်တော်ကို ခေါ်ပင့်သော ဖာရိရှဲသည် ဆိုးသောမိန်းမ၏နှလုံးသားကို မသိမမြင်ပါ။ ထို့ကြောင့် ထိုအမျိုးသမီး၏အပြုအမူအတွက် ငြိုငြင်သောစိတ်ရှိပါသည်။ လူသည် အတိတ်ကမှားသော အမှားကို မေ့ဖို့ခက်သည်။ ကာယကံရှင်ပင် မမေ့နိုင်သလို၊ အခြားသောသူက သာ၍ပင် မှတ်မိနေတတ်သည်။ တချိန်က အစိုးရကို ပုန်ကန်သူတို့ လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ အလင်းဝင်လာသည့်အခါ တရားဥပဒေက ခွင့်လွှတ်သော်လည်း လူကမမေ့တတ်။ ထိုသူသည် တစ်ချိန်က အစိုးရကိုပုန်ကန်သူ၊ သူပုန်ဟု ဆိုတတ်ကြသည်။ လူသည်မှားခဲ့ဘူးသော အားနည်းချက်ကို မှတ်မိ၍ နေတတ်ကြသည်။

ဆိုးသောမိန်းမသည် မိမိအပြစ်အတွက် နောင်တစိတ်နှင့်ရောက်လာသော် လည်း ဖာရိရှဲက သူ၏အားနည်းချက်ကို မမေ့နိုင်။ ဆိုးနေဆဲအခြေ၌ ရှိနေသည်ဟူသော အမြင်ဖြင့်သာ မြင်နေပါသည်။ ကိုယ်တော်က ထိုမိန်းမကို လက်ခံသည့်အတွက် ဖာရိရှဲက ကိုယ်တော်သည် ပရောဖက်မှန်လျှင် ထိုအမျိုးသမီးမည်သူမည်ဝါဖြစ်သည်ကို သိလိမ့်မည်ဟု စိတ်၌ တွေးထင်နေပါသည်။ ဖာရိရှဲ၏စိတ်နှလုံးကို သခင်ယေရှုသိမြင်တော်မူလျှင် ဥပမာစကားကို မြွက်ဆို၍ ဆုံးမစကားဆိုပါသည်။ ဥစ္စာရှင်တစ်ဦး၌ ကြွေးစားနှစ်ဦးရှိသည်။ ထိုသူတို့က ကြွေးဆပ်ရန်မရှိသဖြင့် ကြွေးရှင်ကနှစ်ယောက်စလုံးကိုလွှတ်လိုက်လျှင် ကြွေးရှင်ကို မည်သူက သာ၍ ချစ်မည်နည်းဟု ရှိမုန်အား မေးလျှင်သာ၍ ကျေးဇူးကိုခံရသူကသာ၍ ချစ်လိမ့်မည်ဟု ထင်ပါသည်ဆိုပါသည်။ ကိုယ်တော်က သင်ထင်သည့်အတိုင်း မှန်သည်ဟု မိန့်တော်မူပါသည်။

ရှိမုန်သည် ထိုမိန်းမဆိုးခဲ့ဘူးသည်ကိုသာ စဉ်းစားနေသဖြင့် ယခု သူမအကောင်းပြုနေသည်ကို လက်မခံနိုင်ဖြစ်နေပါသည်။ ဤသည်မှာ လူ့သဘာဝပင်ဖြစ်ပါသည်။ ယနေ့ အပြစ်ပြုမိသူတစ်ဦးအား အခြားသောသူများက အပြစ်မြင်၍ ခွင့်မလွှတ်နိုင် သလို၊ တချို့အချိန်၌ ကာယကံရှင် ကိုယ်တိုင်ပင်လျှင် မိမိအပြစ်ကို ခွင့်မလွှတ်နိုင်သလို၊ တချို့ အချိန်၌ ကာယကံရှင် ကိုယ်တိုင်ပင်လျှင် မိမိအပြစ်ကို ခွင့်မလွှတ်နိုင် ဖြစ်တတ်သော်လည်း စစ်မှန်သော နောင်တနှင့် လာသူအား ကိုယ်တော်က အပြစ်ရှိသမျှကို သင်ပုန်းချေ၍ ခွင့်လွှတ်ပါသည်။ ယနေ့ ကျွန်ုပ် တို့ အသက်တာက လူတို့ရှေ့၌ မည်သို့ရှိနေပါစေ စိတ်ငယ်စရာမရှိပါ။ ကိုယ်တော်က မိမိထံသို့ လာလိုသောသူတိုင်း လာနိုင်ကြောင်း ခေါ်ဖိတ်နေသလို၊ လာသောသူတိုင်း ကိုလည်း ငါသည်အလျှင်းမပယ်ကြောင်း မိန့်တော်မူလျက်ရှိပါသည်။ သို့သော် ကိုယ်တော့်ထံသို့ လာသောသူတိုင်းသည် စစ်မှန်သောနောင်တနှင့် လာဖို့လိုပါသည်။ ယနေ့ အတိတ်ကဆိုးကျိုးများကြောင့် အသက်တာ၌ ပိလေးနေပြီး ဆုတောင်း၍မရဖြစ်နေပါက ကိုယ်တော်ထံသို့လာပါ။ လောကကြီး၌ ကိုယ်တော်ဘုရား မဖြေရှင်းနိုင်သော ပြဿနာဟူ၍ မရှိပါ။ ကျွန်ုပ်တို့ စစ်မှန်သော နောင်တနှင့် ကိုယ်တော်ထံလာကြဖို့သာ လိုအပ်ပါသည်။ ထိုသို့ မလာကြဘဲ၊ ပြဿနာထဲ၌သာ ဆက်၍နေပါက ကျွန်ုပ်တို့အတွက် ကောင်းကျိုးမရှိ၊ ဆိုးကျိုးသာရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့

ရှိသမျှသည် အသက်တာ၌ မည်သို့သောအမှုကိစ္စမျိုးနှင့် ကြုံတွေ့ခဲ့ရပါစေ၊ မည်ကဲ့သို့ မှားမိခဲ့ကြပါစေ၊ အားငယ်စိတ်ပျက်ခြင်းမရှိဘဲ စစ်မှန်သော နောင်တနှင့် ကိုယ်တော်ထံတော်သို့ တိုးဝင်ကြပါက ကိုယ်တော်၏ ခွင့်လွှတ်ခြင်းကို ခံရရုံမက၊ ကိုယ်တော်နှင့်အတူ မိဿဟာယဖွဲ့လျက် သွားလာခွင့်ကိုရပြီး အသက်တာ၌ ကောင်းကျိုးအလုံးစုံကို ခံစားရမည်ဖြစ်ကြောင်း၊ မေတ္တာနှင့်အသိပေးဝေငှလိုက်ပါသည်။

---

# တစ်ဆူတည်းသောဘုရား၏ ဂုဏ်တော်(၁၂)ပါးနှင့် မာန်(၅)ပါးကိုအောင်နိုင်ခြင်း။

Rev. Dr. San Kyi Lwin

## ဂုဏ်အင်္ဂါ(၁၂)ပါး

၁။ ဘုရားသခင်သည်နေရာတိုင်းမှာ ရှိတော်မူသည်။ (ယေရမိ ၂၂း၂၄)

၂။ ထာဝရဘုရားသည် အလုံးစုံကို သိမြင်တော်မူသောဘုရားဖြစ်သည်။ (သုတ္တံကျမ်း ၁၅း၃)

၃။ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၏။ (သုတ္တံကျမ်း ၁၅း၉)

၄။ ထာဝရဘုရားသည် အရာရာကို တတ်စွမ်းတော်မူ၏။ (မဿဲ ၁၉း၂၆၊ ယေရမိ ၃၂း၂၇)

၅။ ထာဝရဘုရားသည် မေတ္တာရှင်ဖြစ်တော်မူ၏။ (ယော ၃း၁၆၊ ဧဖက် ၂း၄)

၆။ ထာဝရဘုရားသည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ (ယော ၄း၂၄)

၇။ ထာဝရဘုရားသည် ပြောင်းလဲခြင်းမရှိ။ (ဗျာဒိတ် ၂၂း၁၃)

၈။ ထာဝရဘုရားသည် နိစ္စထာဝရဘုရားဖြစ်တော်မူ၏။ (ဆာလံ ၁၃၅း၁၃)

၉။ ထာဝရဘုရားသည် တဆူတည်းသောဘုရား၊ မှန်သောဘုရားဖြစ်တော်မူ၏။ (တရား ၆း၄၊ ယေရမိ ၁၀း၁၀)

၁၀။ ထာဝရဘုရားသည် မြတ်စွာဘုရားဖြစ်တော်မူ၏။ (ဟောရှာ ၂၂း၂၂)

၁၁။ ထာဝရဘုရားသည် သဗ္ဗညုတဘုရား ဖြစ်တော်မူ၏။ (၁ရာ ၂း၃)

၁၂။ ထာဝရဘုရားသည် ဘုရားတကာတို့ထက် ကြီးမြတ်တော်မူ၏။ (ဆာလံ ၉၅း )

## မာရ်(၅)ပါး

ဘုရားမည်သည် မာရ်ငါးပါးကို အောင်မှသာ ဘုရားဟု ခေါ်ထိုက်ပါသည်။ ထာဝရမြတ်စွာသော ဘုရား သခင်သည် အောင်ကျဲဖော်ပြပါ မာရ်များကို အောင်နိုင်သောအရှင်သခင်ဖြစ်ပါသည်။

၁။ ဒေဝပုတ္တမာရ် – မာရ်နတ်ဆိုးများကို နိုင်သောဘုရားဖြစ်ပါသည်။ (မဿဲ ၄း၁၀–၁၁)

၂။ ခန္ဓာမာရ် – လူသည် မုန့်အားဖြင့် အသက်မရှင်၊ (အစာအဟာရရှိမှအသက်ရှင်သောဘုရားမဟုတ်ပါ။ အာဟာရသိဒ္ဓိပြီးသောဘုရားဖြစ်သည်။(မဿဲ ၄း၄)

၃။ ကိလေသာမာရ် – ဘုရားသခင်သည် မေထုန်အားဖြင့် ဘွားသောသားမဟုတ်ပါ။ (ယော ၁း၁၃)

၄။ သေခြင်းမဇ္ဈုမာရ် – သုံးပါးတစ်ဆူတည်းဟူသောဘုရားဖြစ်သည်။ သခင်ခရစ်တော်သည် သေခြင်းမဇ္ဈုမာရ်ကိုအောင်တော်မူ၏။ အပြစ်သားများအတွက် အသေခံတော်မူပြီး (၃)ရက်မြောက်တွင်ရှင်ပြန်ထမြောက်တော်မူသောဘုရားဖြစ်တော်မူသည့်အပြင် ကောင်းကင်သို့ပြန်ကြွတော်မူသောဘုရားဖြစ်ပါသည်။ (၁ကော ၁၅း၄)

၅။ အဘိသင်္ခါရမာရ် – စီရင်ပိုင်သောအခွင့်တန်ခိုးအာဏာရှိတော်မူသောဘုရားဖြစ်ပါသည်။ (မ၊ ၂၈း၁၈)

ဂုဏ်တော်(၁၂)ပါးနှင့်ပြည့်စုံပြီး၊ မာရ်(၅)ပါးကို အောင်တော်မူသော ထာဝရမြတ်စွာဘုရားကို သိရှိယုံကြည်ကိုးကွယ်သော ဘုရားသားသမီးများဖြစ်ကြပါစေဟုဆန္ဒပြုအပ်ပါသည်။

# ယုဒသန်နှင့်မြန်မာရွှေပြည်

(အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိ့ထောင်တို့တွင်နေခဲ့ရသူ)

**မောင်စင်ကြယ်**

"ကိုနော နှစ်ခြင်းခံသည့် ဇွန်လ ၂၇ရက်နေ့ သည် လမိုက်ညဖြစ်သည်။ ပတ်ဝန်းကျင်တခုလုံး ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရချေ။ ကိုနောကိုယ်တိုင် မီးအိမ်လေးကို ယူဆောင်လာသည်။ အခမ်းအနားတွင် ဆရာယုဒသန်နှင့်အတူ မစ္စတာဟိုး၊ မစ္စတာကိုလ်မဲန်း နှင့် မစ္စတာဝိုးလော့ခ် တို့လည်း ပါဝင်ကြသည်။ ကိုနော နှစ်ခြင်းခံယူသည့်နေရာမှာ 'လိပ်ပြာကန်'ဖြစ်သည်။ ထိုစဉ်က လိပ်ပြာကန်မှာ'ဆူးလေဘုရားလမ်း'အထက်၊ ယခုသမတရုပ်ရှင်ရုံနှင့် 'စကော့'ဘုရားကျောင်းရှိရာ ဖဆပလရပ်ကွက်ဖြစ်သည်။ အချိန်ကျရောက်လျှင် ဆရာယုဒသန်သည် တပည့်ဖြစ်သူ ကိုနောအား လိပ်ပြာကန်ကမ်းစပ်သို့ ခေါ်ဆောင်လာသည်။ သမ္မာကျမ်းစာထဲမှ နှစ်ခြင်းခံရာတွင် အသုံးပြုရွတ်ဆိုရန် ကျမ်းစာတစ်ပိုဒ်ကို ဆရာယုဒသန်က ရွတ်ဖတ်လိုက်သည်။ ပြီးလျှင် ဆုတောင်းခြင်းနှင့် နှစ်ခြင်းမင်္ဂလာ ဟောစာတမ်းဖတ်ကြားခြင်းပြီးသည်နှင့် ကိုနောအား လိပ်ပြာကန်တွင် နှစ်ခြင်းမင်္ဂလာပေးလေသည်။"

"ဤသို့ဖြင့် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် သမိုင်းတွင် ဦးနောသည် ဦးစွာပထမ ဆရာယုဒသန် ကိုယ်တိုင် နှစ်ခြင်းမင်္ဂလာပေးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသည်။ ဦးနော၏အမည်ဖြင့် အသင်းတော်မှာ ရန်ကုန်မြို့ လမ်းမတော်'အနော်ရထာလမ်း'နှင့် 'စဥ့်အိုးတန်းလမ်း'ထောင့်ရှိ ဦးနော၏သုခမ္မာဇရပ် ပင်ဖြစ်လေသည်။"

'ဆရာယုဒသန်နှင့် သူ့ရဲ့သင်းအုပ်ဆရာတွေ အင်းဝနေပြည်တော်သို့ သွားရောက်ရေးကိစ္စကိုလည်း သိပါရစေဆရာ'

## အင်းဝနေပြည်တော်သို့

"မြန်မာနိုင်ငံမှာရှိကြတဲ့ နှစ်ခြင်းခရစ်ယာန်ပဲ ဖြစ်ဖြစ်၊ ဗရင်ဂျီ(ရိုမန်ကက်သိုလစ်)ပဲဖြစ်ဖြစ်၊ နောက်ဆုံး အင်္ဂလိကန်ပဲဖြစ်ဖြစ်၊ ထိုစဉ်က အင်းဝနေပြည်တော်က 'အင်းဝ၊ အမရပူရ၊ မန္တလေး'ဆိုတော့ အဲဒီမှာ အခြေစိုက်ချင်ကြတယ်။ ရွှေနန်းတော်ကိုဝင်ရောက်ချင်ကြတယ်။ တနည်းအားဖြင့် ဘုရင်ရဲ့ နားမျက်စိတွေနဲ့ အရေးပါချင် ကြတယ်ပေါ့ ကိုဒေါင်း"

'မင်းနားတစ်ထောင်နဲ့ အရှင်မွေးတော့ နေ့ချင်းကြီးဆိုတဲ့ စကားကရှိသေးတာကိုး ဆရာရဲ့'

"ဒါကြောင့် ယုဒသန်လည်း အင်းဝနေပြည်တော် သွားရေးကိုသာ အခွင့်အလမ်း စောင့်နေရှာတယ်လေ။ ဒီလိုနဲ့ အင်းဝသွားရန်သေချာပြီဆိုတော့၊ ဘယ်သူတွေ လိုက်ပါကြမလဲ၊ ဘာတွေယူသွားရမလဲ၊ စဉ်းစားရမယ့်အချက်တွေဖြစ်လာပါတယ်။ ဤတွင် အန်အနေနဲ့ လိုက်ပါရန်ဆန္ဒပြုလာတော့သည်။ အန်၏အကြောင်းပြချက်မှာ သူမ၏မိတ်ဟောင်းဆွေဟောင်းများဖြစ်ခဲ့ကြသော(ယခင်)ရန်ကုန်မြို့ဝန်နှင့် မြို့ဝန်ကတော်တို့သည် ယခုအခါ အင်းဝနန်းတော်၌ အရေးပါသောနေရာတွင် ရောက်ရှိနေပြီဖြစ်၍ ဝမ်းသာအားရ ပြန်လည်တွေ့ဆုံလိုခြင်းဖြစ်လေသည်။ အန်၏ဆန္ဒမှာ တရားနည်းလမ်းကျသော်လည်း ပထမဆုံးသွားရမည့် ခရီးဖြစ်၍၊ ခရီးစဉ်မှာ မသေချာ၊ မမျှော်မှန်းနိုင်သော ပြဿနာများရှိလာနိုင်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်ကပင် ပြည်မြို့အနီး၌ လုံးထွင်းလှေမှောက်သဖြင့် 'ဖိလစ်ကယ်ရေ'၏ဇနီးနှင့်ကလေးများ ဆုံးပါးခဲ့ရရှာသည်။ ယင်းအဖြစ်အပျက်မှာလည်း ထောက်ပြစရာ ဖြစ်နေသည်။

"အန်၏အဆိုရုပ်သိမ်းပြီးနောက် အရေးကြီးသည့် အချက်များကို ဆက်လက်စဉ်းစားရာ ငွေရေးကြေးရေးအကြပ်အတည်းကြောင့် ရွှေနန်းတော်အတွက် အဖိုးထိုက်သောပစ္စည်းများမဝယ်နိုင်ဘဲ ဆရာယုဒသန်

ကိုယ်တိုင်မြန်မာဘာသာပြန်ထားသော သမ္မာကျမ်းစာ ဖြ အုပ်ကို ရွှေပိန်းချ၍ ဆက်သရန် ဆုံးဖြတ်ကြလေသည်။ ရွှေနန်းတော်ရှိ အမှုထမ်းအရာထမ်းများအတွက်ကား အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းများကို လက်ဆောင်အဖြစ်ပေးရန်စီစဉ်လိုက်ကြသည်။ အင်းဝနေပြည်တော်သို့ လိုက်ပါမည့်အဖွဲ့ဝင်များအဖြစ် မစ္စတာကိုလ်မဲန်း ကိုနော၊ ကိုသာလှ၊ ကိုမောင်ပြေ၊ ဆရာယုဒသန်အပါအဝင် စုစုပေါင်း ၅ ဦးကို ရွေးချယ်လိုက်ကြသည်။”

“နောက်ဆုံးအစီအစဉ်တွင် အငှါးလှေဖြင့်သွားရေးနှင့် မိမိပိုင်အဖွဲ့လှေဖြင့်သွားရေးရောက်လာရာ အများဆန္ဒအရ ကိုယ်ပိုင်လှေဖြင့်သွားရန် ဆုံးဖြတ်လိုက်သည်။ လှေမှာ အဝလေးတောင်၊ အလျားငါးလံနှစ်တောင် ရှည်သော ‘ပိန်းကောလှေကြီး’တစ်စင်းကို အဖွဲ့ပိုင်အဖြစ်ဝယ်ယူလိုက်ကြသည်။ ကိုနောသည် လှေအတွေ့အကြုံရှိပြီးဖြစ်၍ လှေသူကြီး‘ပဲ့နင်း’နေရာက တာဝန်ယူရသည်။ စိတ်မချရသောအငှါးလှေသမားများကို မခေါ်ဘဲ လှေသမားအဖြစ် ကိုသာလှ၊ ကိုမောင်ပြေအပါအဝင်တို့က တာဝန်ယူကြသည်။ ဤသို့ဖြင့် ၁၈၁၉ ခု ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဆရာယုဒသန် ဦးဆောင်သော ‘ဦးခေါင်းမော့မော့၊ အမြီးကော့ကော့’ပိန်းကောလှေကြီးသည် ရန်ကုန်မှ အင်းဝနေပြည်တော်သို့ စတင်ထွက်ခွာ လာလေသည်။” “ဆရာယုဒသန်နှင့်တပည့်များသည် ရောဝတီ မြစ်ရိုးတစ်လျှောက် တစ်ရွာဝင်တစ်ရွာထွက်ရင်း ဓမ္မဝေစာများကို ဝေငှ၏။ ဤသို့ဖြင့် ရန်ကုန်က ထွက်ခွါလာ၍ ၉ရက် မြောက်သောနေ့တွင် မိုင် ၉၀ ခရီးကိုပေါက်ကာ ‘ကနောင်’မြို့သို့ ခရီးပေါက်လေသည်။ ထိုနေ့ကား ဒီဇင်ဘာလ ၃၀ ရက်နေ့ဖြစ်သည်။ ပုသိမ်ဘက်မှ ကင်းလှည့်လာသော မြန်မာ့ဘုရင့်ကင်းတပ်လှေတစ်စင်းသည် ဆရာယုဒသန် တို့၏ ပိန်းကောလှေအနီးသို့ ချဉ်းကပ်လာသည်။

ကင်းတပ်လှေတွင် အကြီးအကဲကင်းတပ်ဗိုလ်လည်းပါလာသည်။ မကြာခင်ရက်အတွင်းက လှေကြီးတစ်စင်းလုံးကို ဓါးပြလူဆိုးများက လုယက်သွားသဖြင့် ဖမ်းဆီးနိုင်ရန် ပုသိမ်ဘက်မှကင်းလှည့်လာခြင်းဖြစ်သည်။ အင်းဝနေပြည်တော်သို့ သာသနာပြုရန် သွားမည့်လှေဖြစ်သဖြင့် လိုအပ်သည့်အကူအညီပေးနိုင်ကြောင်း ပြောဆိုကာ ကင်းတပ်ဖွဲ့လှေသည် ပြန်လည်ထွက်ခွာသွားလေသည်။”

“ပြည်မြို့သို့ရောက်လာသည်။ လူစည်ကားရာ ပြည်မြို့ဆိပ်ကမ်းတွင် ‘ဦးမွေး’ဆိုသူ၏ဝါသနာမှာ တပေါင်ရွှတ်ဆိုရာတွင် ရုတ်တရက်အကြောင်းအရာ တစ်ခုကို ‘စာဆိုစာချိုး’ခြင်းဖြစ်သည်။ ယခုပင် ဆရာယုဒသန်နှင့် တပည့်များအား ‘ဦးမွေး’က စာချိုးလေတော့သည်။”

“မြစ်ရိုးကိုလျှောက်ပါလို့ – မုန့်ခြောက်ကိုစား
ခရစ်ယာန်သည်တရား – ဟောတဲ့သူများ”

“ဆရာယုဒသန်တို့ စားသည့် ‘ပေါင်မုန့်’ကို ဦးမွေးက မုန့်ခြောက်ဟုခေါ်ခြင်းဖြစ်သည်။ ဦးမွေးသည် ဆရာယုဒသန်ပေးသော ဓမ္မစာစောင်များအား ရက်ပိုင်းအတွင်း၌ပင်လိုက်လံဝေငှလေသည်။ ဆရာယုဒသန် လွန်ပြီးနောက် နှစ်ခြင်းသာသနာပြုအဖွဲ့မှ မစ္စတာ ‘ကင်းကိတ်’ပြည်မြို့၌ သာသနာစခန်းလာဖွင့်သော အခါတွင်လည်း ဦးမွေးသည် ယင်းကဲ့သို့ပင် စာချိုး၍ တပေါင်ရွှတ်လေသည်။”

“ထိပ်ကွက်နှင့်သွားဖြူ – ကျောင်းဆိုးကလူ
သည်လူတွေထူး – ဆိုဝံ့ပါဘူး”

“မစ္စတာ‘ကင်းကိတ်’ပြည်မြို့သို့ ရောက်စတွင် ‘တမာပင်ကျောင်းတိုက်အို’တွင် တည်းခိုသည်ကို အကြောင်းပြု၍ ဦးမွေးက ‘ကျောင်းဆိုး’ဟု တင်စားကာ စာချိုးခြင်းဖြစ်လေသည်။”

‘ဟုတ်ကဲ့ဆရာ၊ ဆရာယုဒသန် အင်းဝရွှေနန်းရောက်တော့ စာအုပ်ရဲ့ရှေ့အမှာစာတနေရာမှာ “ဘကြီးတော်ဘုရား”နဲ့ရော၊ မြဝတီမင်းကြီး “ဦးစ” နဲ့ပါ တွေ့တဲ့ အကြောင်းတွေလည်း သိပါရစေဆရာ’

**အင်းဝရွှေပြည် – အင်းဝရွှေနန်း**

“သည်တွင်ရွှေမြို့ – သည်သို့စေတီ
သည်ဆီရွှေနန်း – အံ့မခန်းတည့်”

“ဆိုတဲ့စာနဲ့အညီ ဆရာယုဒသန်နဲ့ သူ့ရဲ့တပည့်တွေဟာ အင်းဝနေပြည်တော်ကို ရောက်သွားပါတယ်။ ရုတ်တရက် ဘကြီးတော်ဘုရားနဲ့မတွေ့ရသေးမီ မြေထဲဝန်(ခေါ်)မြေထဲမင်းထံ သွားတွေ့ရပါသည်။ မြေထဲမင်းမှာ အခြားသူမဟုတ်ဘဲ ဆရာယုဒသန်နဲ့ အန်တို့နှင့် ခင်မင်ရင်းနှီးထားသူ ရန်ကုန်မြို့ဝန်ပင် ဖြစ်

လေသည်။ ဆရာယုဒသန်မျှော်လင့်ထားသည့်အတိုင်း မြေထဲမင်းနှင့် ဝန်ကတော်တို့သည် ဆရာယုဒသန်နှင့် သာသနာပြုဆရာများအား လှိုက်လှဲ ပျူငှါစွာပင် ကြိုဆိုလေသည်။ မြေထဲမင်း၏ အမှုထမ်းများအနက် 'ဦးစ' သည် အသိပညာကြီးမား၍ အရေးပါအရာရောက်သည့် အရာရှိကြီး တစ်ဦးပင်ဖြစ်သည်။ မကြာမီကာလများအတွင်း၌ ဦးစသည် ရွှေနန်းတော်၌ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဂီတသုခမအရာတွင်ပါ လျှမ်းလျှမ်းတောက် ကျော်ကြားလာသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။ ယင်းသို့ ပညာဂုဏ်ရင့်သန်သော ဦးစ သည် မြေထဲမင်းကို အကြောင်းပြုလျက် ဆရာယုဒသန်အား ထူးထူးခြားခြားပင် အကူအညီများပေးလေသည်။"

"နောက်တနေ့တွင် မြေထဲမင်းနှင့် ဦးစတို့၏ ကူညီပံ့ပိုးမှုအရ ဆရာယုဒသန်တို့ ရွှေနန်းတော်အတွင်း ဝင်ရောက် ခစားခွင့်ရရှိလေသည်။ ထိုနေ့သည် ဘိုးတော်ဘုရားလက်ထက်၌ ပျပ်ဝပ်ခဲ့သော ကသည်းစော်ဘွား 'ချန်ဒရာကန်တာဆင်း' (Chandra Kantasingh) သည် ယခုမချေမင်ပြုသဖြင့် အလုံမြို့ဝန်(မင်းကြီးမဟာဗန္ဓုလ)သွားရောက်နှိမ်နင်းရာမှ ကသည်းတို့အပေါ် အောင်ပွဲခံသောအခမ်းအနားလည်းဖြစ်၏။ ဘကြီးတော်ဘုရားသည် ကသည်းတို့အပေါ် အောင်ပွဲရလာသည့်အခမ်းအနားအပေါ် များစွာပီတိဖြစ်နေတော်မူရှာသည်။ ဆရာယုဒသန်နှင့် ကိုလ်မဲန်းတို့သည် ဘုရင်မင်းမြတ်အား ဖွဲ့ကောင်းကောင်းဖြင့်ပင် ခစားနေလေသည်"

"တချိန်တွင် ဘုရင်မင်းမြတ်သည် ဆရာယုဒသန်နှင့် ကိုလ်မဲန်းတို့အား မြင်တွေ့သွားလေရာအမှုအရာတွင် တအံ့တသြဖြစ်သွားလေသည်"

"သင်တို့ကဘယ်သူတွေပါလဲ၊ မျက်နှာဖြူတွေပါလား"

'ဘုန်းတော်ကြောင့်ပါဘုရား၊ ဘုရားကျွန်တော်မျိုးတို့သည် နိုင်ငံခြားသားသာသနာပြုများ ဖြစ်ပါသည်ဘုရား'

ဘုရင်မင်းမြတ်သည် နိုင်ငံခြားသားတဦး ဖြစ်သော ဆရာယုဒသန်ထံမှ မြန်မာလိုပီပီသသ ကြားရလျှင် တအံ့တသြဖြစ်သွားလေသည်။

"မောင်မင်းက မြန်မာလိုပီပီသသပြောတတ်လို့ပါလား၊ ကေန္တမနေ့ညက ငါကိုယ်တော်မြတ်သတင်းစကားကြားထားတဲ့ ခရစ်ယာန်ဘုန်းကြီးတွေများလားပဲ၊ ဒါနဲ့ မြန်မာနိုင်ငံကို ဘယ်တုန်းကရောက်လာကြသလဲ၊ ဘယ်နိုင်ငံက တရားဟောဆရာတွေလဲ၊ မောင်မင်းတို့လည်း ဗရင်ဂျီဘုန်းကြီးတွေလိုပဲ သားတွေမယားတွေမရှိကြဘူးလား၊ မောင်မင်းတို့ကတော့ ဘာကြောင့်ခုလို ရိုးရိုးပဲဝတ်ကြသလဲ"

"ဘုရင်သည် ဗရင်ဂျီဘုန်းတော်ကြီးများ ဝတ်ရုံဖြူဝတ်ဆင်လျက် သားမယားမရှိသည်ကိုသိထားပြီးဖြစ်သည်။ ဆရာယုဒသန်အား အရပ်သားသဖွယ်မြင်ရသဖြင့် ယခုလိုမေးတော်မူခြင်းလည်းဖြစ်သည်။ ဘုရင်မင်းမြတ်သိလိုသည်ကို ဆရာယုဒသန်က ပြန်လည်လျှောက်ထားရာတွင် မိမိတို့သည် အင်္ဂလိပ်လူမျိုးမဟုတ်ဘဲ အမေရိကန်များဖြစ်ကြောင်း၊ တရားဟောဆရာများသာဖြစ်၍ အိမ်ထောင်ပြုခွင့်ရှိပါကြောင်း ပြန်လည်လျှောက်ထားတော်မူသည်"

"ထိုအချိန်တွင် မင်းတရားကြီးသည် ညောင်းညာတော်မူသောကြောင့်၊ လက်တဘက်ကိုပြောင်းလိုက်ရာမသိမသာဖြင့် 'ရွှေဓါး'တော်ပေါ်သို့ ရောက်သွားလေသည်။ ဘုရင်မင်းမြတ်၏အခွင့်တော်ပေးမှုကို အကြောင်းပြု၍ သံတော်ဆင့်မင်းမောင်စ (ဦးစ)သည် ဆရာယုဒသန်၏ဦးတင်လွှာကို ဖတ်ကြားလျှောက်ထားလေသည်။ တင်လျှောက်လွှာ၏အဆုံးတွင်"

"ဘုရားကျွန်တော်မျိုးအားအခွင့်တော်ပေးလျက် သာသနာပြုခွင့်၊ တရားဟောခွင့် အပါအဝင်သာသနာ၏အဆုံးအမဖြင့်တည်ကြည်လိုသူ မြန်မာဖြစ်စေ၊ အခြားတပါးဖြစ်စေ၊ အမှုထမ်းတို့၏ အနှောင့်အယှက်ပေးခြင်းမှ ကင်းဝေးလိုပါကြောင်း ပါရှိလေသည်။ ဘကြီးတော်ဘုရားသည် ဦးစ၏လျှောက်တင်ချက်ကို စိတ်ဝင်စားမှုလုံးဝမပြပေ။ ဤသို့ဖြင့် ဦးစသည် ဆက်လက်လျှောက်တင်ခြင်းမပြုတော့ဘဲဆရာယုဒသန်၏ဓမ္မစာစောင်ကိုသာ ဘုရင်မင်းမြတ်ထံ ကမ်းလိုက်၏။ ဘုရင်မင်းမြတ်သည် ဦးစထံမှဓမ္မဝေစာကို ဆက်လက်ဖတ်ရှုနေစဉ် တနေရာအရောက်၌ မျက်နှာတော်ပျက်သွားတော့၏၊ ယင်းမှာ"

"ထာဝရဘုရားသည် တဆူတည်းသော ဘုရားသခင်ဖြစ်သည်၊ အခြားတပါးမရှိ၊ ထာဝရဘုရား

သခင်သည် 'ဖြစ်ခြင်း၊ ပျက်ခြင်း၊ သေခြင်း'တို့၏ဘေး မှ ကင်းဝေးတည်ရှိတော်မူ၏"

"ဘုရင်မင်းမြတ် မျက်နှာတော် မသာမယာ ဖြစ်သည်ကိုအကြောင်းပြုလျက် မူလက ဆရာယုဒသန် ပေးထားသော ရွှေပိန်းချ သမ္မာကျမ်းစာ ၆ အုပ်ကို ဦးစသည် လက်လျှော့လိုက်လေသည်။ နောက်ပိုင်းတွင် ဤကိစ္စနှင့်ပတ်သက်၍ ဦးစက ဆရာယုဒသန်အား အောက်ပါအတိုင်းပြောလေသည်"

"အမေရိကန်ဆရာတို့သည် တရားဝင် သာသနာပြုခွင့်နှင့်ပတ်သက်သော ဤအခွင့်ကို အဘယ်ကြောင့်အသနားခံကာတောင်းခံပါသနည်း၊ ဗရင်ဂျီ၊ အင်္ဂလိပ်ပသီတို့မှ အစပြုလျက် အခြားသော ဘာသာဝင်တို့သည် လွတ်လပ်စွာဖြင့် မိမိတို့၏ ဘာသာထုံးစံအရ ကိုးကွယ်လုပ်ဆောင်နေကြသည် မဟုတ်လော"

"အစဉ်အဆက် မြန်မာနိုင်ငံအား အုပ်စိုး လာခဲ့သော မြန်မာဘုရင်များသည် နိုင်ငံခြားဘာသာ တခုအား တရားဝင်သာသနာပြုခွင့်နှင့် ပတ်သက်၍ အမိန့်ချမှတ်ပေးသည့်အစဉ်အလာမရှိသည့်နည်းတူ မိမိဘာသာကိုးကွယ်ဝတ်ပြုမှုကိုလည်း ပိတ်ပင်တားဆီး လေ့မရှိ ဆိုသည့်အချက်ကို ထိုစဉ်က အမေရိကန်ဆရာ များ မေ့လျော့နေကြဟန်ရှိလေသည်။ ဆရာယုဒသန် ဦးဆောင်သောသာသနာပြုအဖွဲ့သည် အင်းဝနေပြည် တော်၌ ၁၀ ရက်တိတိနေထိုင်ခဲ့သည်။ ၁၈၂၀ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့တွင် အင်းဝမှ ရန်ကုန်သို့ ပြန်လည်စုန်ဆင်းလာရာ ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ရန်ကုန်သို့ပြန်လည်ရောက်ရှိလာသည်"

'ဆရာပြောသလိုပဲဆရာ၊ မြန်မာရှင်ဘုရင် တိုင်းဟာ နိုင်ငံခြားဘာသာတစ်ခုကိုမျက်နှာပေးပြီး အခြားတစ်ခုကိုဖိနှိပ်တာမျိုးလည်း ကျနော်တို့ အလျင်း မတွေ့ခဲ့ရဖူးပါဘူး၊ ဒါနဲ့ဆရာ၊ ပထမအခေါက် အင်းဝ နေပြည်တော်ကတော့၊ ဆရာယုဒသန်တို့ အောင်မြင်စွာ နဲ့ပြန်လည်ဆုတ်ခွါခဲ့ရပြီ။ မေးချင်တာက ဆရာယုဒသန် ရဲ့ ဘာသာပြန်သမ္မာကျမ်းအကြောင်းပါဆရာ'

**ဓမ္မသစ်-ဓမ္မဟောင်းသမ္မာကျမ်းစာ**

"အင်းဝနေပြည်တော်တွင် တရားဝင် သာသနာပြုခွင့်မရခဲ့သော်လည်းရန်ကုန်တွင် တိုင်းရင်း သားတပည့်များအားစုစည်းလျက် လုပ်သင့်လုပ်ထိုက် သည်များကို ဆရာယုဒသန်လုပ်ဆောင်သည်။ ဤသို့ ဖြင့် ဦးရွှေငုံ၊ ဦးသာအေးအပါအဝင် ခရစ်ယာန် တပည့် ပေါင်း ၁၈ ဦးထိတိုးတက်လာသည်။ ထိုအထဲမှ ဦးသာ အေးအား မြန်မာလူမျိုးထဲမှ ပထမဆုံး သင်းအုပ်ဆရာ အဖြစ် ခန့်အပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံဘက်တွင် အခြေ အနေမှာ ဤမျှသာဖြစ်သော်လည်း တိုင်းရင်းသား များ၏တောင်းဆိုချက်အရ မစ္စတာကိုလ်မဲန်းအား စစ် တကောင်းနယ်သို့သွားခွင့်ပြုလိုက်သည်။ တိုင်းရင်းသား တပည့်များအနက်မှ မကြာခင်ကမှလည်း ခရစ်ယာန် ဖြစ်လာသော၊ အလွန်လည်းစေ့စပ်သေချာသော ဦးရွှေငုံ သည် ဆရာယုဒသန်၏ သမ္မာကျမ်းစာကို စစ်ဆေးခွင့် ရလေသည်"

"အန်ဟေဇယ်တိုင်၏ အသည်းရောင် နာတာ ရှည်ရောဂါမှာ ဆေးဝါးကုသရန်လိုအပ်လာသဖြင့် တိုင်းရင်းသားတပည့်များက ဆရာယုဒသန်နှင့်အန်တို့ အား ၁၈၂၀ ခုနှစ် ဂျန်နဝါရီ ၂၀ ရက်တွင် နန်းတော် ကုန်းရွာမှ မမင်းလေး (ဒေါ်မင်းလေး) အား နှစ်ခြင်းခံပြီး နောက် သွားခွင့်ပြုလိုက်၏။ ဆရာယုဒသန်နှင့်အန် တို့ သည် ၁၈၂၀ ခု ဂျူလိုင်လ ၁၉ ရက်နေ့တွင် အိန္ဒိယ သို့ခရီးထွက်ခဲ့ပြီး ၁၈၂၁ခု ဂျန်နဝါရီ ၅ ရက်နေ့တွင် ရန်ကုန်သို့ပြန်ရောက်လာသည်။ ထိုအချိန်တွင် အင်းဝ နေပြည်တော်မှ ယခင်ရန်ကုန်မြို့ဝန်ဟောင်း မြေထဲမင်း သည် ရန်ကုန်မြို့ဝန်အဖြစ်ဒုတိယအကြိမ် ပြန်လည် ရောက်လာသည်။ မြို့ဝန်နှင့် မြို့ဝန်ကတော်တို့သည် ဆရာယုဒသန်ဇနီးမောင်နှံအား ပျူငှါစွာ နှုတ်ဆက်ပြီး နောက် ဆရာယုဒသန် အင်းဝလာစဉ်က မလျော်သည် များ ပြောဆိုသော ပေါ်တူဂီ (ဗရင်ဂျီ) ဘုန်းတော်ကြီးမှာ ကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောပြလေသည်။ ယင်း သတင်းကိုကြားရလေလျှင် ဆရာယုဒသန်သည် အင်းဝသို့ဒုတိယအကြိမ်ပြန်သွားလိုစိတ်ပေါ်လာသည်။ အကြောင်းမှာ မိမိဘက်မှာ မြေထဲမင်းနှင့် ဦးစတို့ ရှိသောကြောင့်ဖြစ်သည်"

"ဆရာယုဒသန်သည် ဦးရွှေငုံစိစစ်ထားသော သမ္မာကျမ်းစာကို အိန္ဒိယသို့ရောက်ရှိနေသော မစ္စတာဟိုးထံ ပို့လေသည်။ ဤတွင် တနင်္သာရီ၊ မြိတ်၊ ထားဝယ်ဘက်တို့တွင် ထူးထူးခြားခြားတာဝန်ယူသော

‘ဦးအင်း’အား မြန်မာလူမျိုးထဲက ဦးသာအေး ပြီးနောက် ဒုတိယမြောက်သင်းအုပ်ဆရာအဖြစ် ရွေးချယ်လိုက်သည်။ အလွန်ရိုးသားသော ကိုရွှေဘေသည်လည်း ပထမဆုံးဓမ္မဆရာအဖြစ်‘မော်လမြိုင်နှင့်ကျိုက္ခမီ’ဒေသအတွက် ရွေးချယ်ခံရသည်။ ကိုရွှေဘေ၏ ကူညီမှုအရ မော်လမြိုင်တွင် ငွေဝယ်ကျွန်အဖြစ် ရောင်းချခံရသော ‘ကိုသာဖြူ’(နောက်ပိုင်း ကရင်ခရစ်ယာန်အစကိုသာဖြူက)အား ဆရာယုဒသန်ကရွေးထုတ်သောကြောင့် ကျော်ကြားသောခရစ်ယာန်ဘာသာဝင်ဖြစ်လာသည်”

“အန်၏နာတာရှည်အသည်းရောဂါသည် အိန္ဒိယတွင်ကုသရန်အခက်အခဲရှိလာသဖြင့် အမေရိကသို့ပြန်၍ ဆေးဝါးကုသရင်း ‘ဘော်စတွန်’ရှိ နှစ်ခြင်းသာသနာဌာနချုပ်၌ လိုအပ်သည်များကို တင်ပြခွင့်ရရှိသွားသည်။ အန်မရှိခိုက် ဒေါက်တာပရိုက်စ် ဇနီးမောင်နှံရောက်လာသည်။ ထိုအချိန်တွင် ဆရာယုဒသန် မှာ အခန်းအောင်း၍ သမ္မာကျမ်းစာဓမ္မသစ်နှင့် ဓမ္မဟောင်းကို အပြီးသတ်နိုင်ရန်ကြိုးပမ်းတော့သည်။ အန်၏ ပြည်တော်ပြန်နှင့် ဆေးဝါးကုသမှုခရီးသည် ၁၈၂၃ ခု ဇွန်လ ၂၀ ရက်နေ့တွင်အဆုံးသတ်ပြီး အပြန်ခရီးဖော်အဖြစ် ‘ဇွန်နသန်ဝိတ်’ဇနီးမောင်နှံပါလိုက်ပါလာသည်။ မစ္စတာဝိတ်သည် နောက်ပိုင်း၌ ‘စကောကရင်’လူမျိုးများအတွက် မြန်မာအက္ခရာဖြင့်အခြေခံသောစာပေကို တီထွင်ပေးခဲ့သည်”

“ဓမ္မသစ်ကျမ်းစာ မြန်မာဘာသာပြန်မှုကို ၁၈၂၃ ခုနှစ်၌ အောင်မြင်စွာပြန်ဆိုနိုင်ခဲ့ပြီး ဓမ္မဟောင်းကျမ်း မြန်မာဘာသာပြန်မှုကိုတော့ ၁၈၃၄ ခုနှစ်၌ အောင်မြင်စွာပြန်ဆိုခဲ့လေသည်။ ဓမ္မသစ်နှင့် ဓမ္မဟောင်းနှစ်ခုစလုံး ဘာသာပြန်မှုတွင် နှစ်ပေါင်းနှစ်ဆယ်ပင်ကြာသည်။ ဆရာယုဒသန်သည် ဓမ္မသစ်ကျမ်းကို ‘ဟေလသ’ခေါ်ဂရိခ်(Greek)ဘာသာမှရင်း၊ ဓမ္မဟောင်းကျမ်းကို‘ဟေဗြဲ’ခေါ်(Hebrew)ဘာသာမှရင်း၊ မြန်မာဘာသာပြန်ဆိုခြင်းဖြစ်လေသည်။ ယင်းနှစ်ကျမ်းလုံးကို ဗြိတိန်၌ပုံနှိပ်ခဲ့ပြီး၊ ၁၉၇၇ ခုနှစ်အရောက်တွင်မြန်မာစစ်အစိုးရသည် ပထမဆုံးအကြိမ်အုပ်ရေ (၁၀,၀၀၀) တစ်သောင်းကို စာပေဗိမာန်မှထုတ်ဝေစေခဲ့ရာ အမှားအယွင်းများဖြင့် ပုံနှိပ်ခဲ့လေသည်” ‘ခုလိုသိရတာ၊ ကြားရတာ၊ နာရတာကျေးဇူးတင်ပါတယ်ဆရာ၊ ဒါနဲ့ ပတ်သက်ပြီး မြန်မာပညာတတ်တွေရဲ့တုန့်ပြန်မှုကိုလည်း သိပါရစေဆရာ’

“စာရေးဆရာ ဗန်းမော်‘တင်အောင်’ဟာ ထောင်ထဲမှာနေရစဉ် အထက်ကသမ္မာကျမ်းစာကို ဖတ်ရှုနေတတ်ကြောင်း သိရပါတယ်။ ဒီတော့ မိတ်ဆွေတစ်ဦးရဲ့အိမ်မှာ ‘လေထီး ဦးအုန်းမောင်’နဲ့ဆုံတော့ ကိုယ်က ဦးအုန်းမောင်ကိုမေးပါတယ်၊ ‘ဦးအုန်းမောင်ခင်ဗျား၊ ထောင်ထဲမှာနေရစဉ် ကိုတင်အောင်(ဗန်းမော်တင်အောင်) တစ်ယောက်အမြဲမပြတ်ဘဲ သမ္မာကျမ်းစာ ကိုဖတ်ရှုတတ်ကြောင်း တချို့ကပြောပါတယ်၊ အဲဒါ ဟုတ်ပါသလားခင်ဗျား’ လို့မေးပါတယ်”

‘ဒီတော့ ဦးအုန်းမောင်က ဘာများပြန်ပြောသေးသလဲဆရာ’

“ဦးအုန်းမောင်ကတော့ မြန်မာစာ အရေးအသား ကောင်းအောင်ဖတ်တယ်လို့ ပြောပါတယ်။ ဒီလိုနဲ့ ကိုတင်အောင်ဆုံးတော့(ပြည်သူ့ရဲဘော်)က ဗိုလ်ညွှန့်မောင်နဲ့ ကိုယ်အတူတကွ ကြံတောမှာအသုဘ ပို့ဆောင်ကြပါတယ်”

‘ဟုတ်ကဲ့ဆရာ၊ ဘာများထူးသလဲဆရာ’

“ဈာပနပြာချခါနီးမှာ ခရစ်ယာန်ဘာသာဝင်များက ဓမ္မတေးကိုရွတ်ဆိုကြပါတယ်။ ဆရာ‘ပါရဂူ’ ကတော့ ကိုတင်အောင်ကွယ်လွန်ပြီးတဲ့နောက် ရေးသားတဲ့ ဆောင်းပါးတစ်စောင်မှာ တောင်ဥက္ကလာပနေအိမ်မှာ ဇနီးသည်က ဗုဒ္ဓဘာသာလိုပြုလုပ်ပေးပြီး သားသမီးတွေက ကြံတောမှာ ခရစ်ယာန်လို ဓမ္မတေး ရွတ်ဆိုကြောင်း ရေးသားထားပါတယ်”

‘ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်ဆရာ၊ အခြားသောမြန်မာပညာတတ်များကရောဆရာရယ်’

“လွတ်လပ်ရေးကြိုးပမ်းမှုကာလက သခင်နု တို့၊ သခင်အောင်ဆန်းတို့ရဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းအုပ်ဆရာကြီး‘ဦးဖေမောင်တင်’ဟာ ကိုယ်တိုင်ခရစ်ယာန်ဘာသာဝင်တစ်ဦးပါပဲ၊ ပြီးတော့မောင်စိန်ဝင်း (ပုတီးကုန်း) ထက်စီနီယာကျတဲ့ စာရေးဆရာ‘ငြိမ်းကျော်’ကတော့ ဆရာယုဒသန် အလှပဆုံး မြန်မာဘာသာပြန်ထားတဲ့ ဓမ္မဟောင်းကျမ်းစာထဲက ‘ရှောလမုန်ဓမ္မတေး’ (The Song of Solomon ) စာသားအချို့ကို သူ့ရဲ့ ဝတ္ထုခေါင်းစီးအဖြစ် သုံးထားပါတယ်”

‘ဘယ်လိုများလဲဆရာ၊ သိပါရစေ’

“‘တောင်လေလာပါ – မြောက်လေနိုးပါ’ ပါတဲ့ကွယ်”

ဆက်လက်ဖော်ပြပါမည်။

# DO NOT DOUBT GOD!

"But Moses said, 'Here I am among six hundred thousand men on foot, and you say, "I will give them meat to eat for a whole month!" Would they have enough if flocks and herds were slaughtered for them? Would they have enough if all the fish in the sea were caught for them?' The LORD answered Moses, 'Is the LORD's arm too short? You will now see whether or not what I say will come true for you'" (Numbers 11:21-23, NIV).

Moses was in a critical situation as he was leading the people of Israel to the Promised Land. In spite of the miraculous manna, the people were craving for other foods that they used to eat when they were in bondage in Egypt. Moses was overwhelmed with this request that he even asked God to put him to death! (see Numbers 11:15).

Nevertheless, the Lord was ready to do two things for Moses: one, to consecrate other people that would bear the burden of the people of Israel with him; and two, to provide meat that the whole people would eat for a whole month. Moses did not have any problem with the first solution, but he could not believe the second one. He expressed his disbelief instantly. However, God asked Moses one of the reassuring questions about His power: "Is the LORD's arm too short?" (verse 23, NIV. See similar questions in Genesis 18:14; Isaiah 50:2; 59:1; Micah 2:7; Zechariah 8:6). God eventually did what He promised despite the doubt of Moses (see Numbers 11:31, 32).

I wonder why Moses could doubt the words of God after God had demonstrated Himself to him and the people of Israel on many occasions. But that is how we also doubt God many times. We are too overwhelmed by our situation that we do not remember that the power of God is higher and greater than our situation. We are too problem-conscious and relegate God to the background. Even when He is reassuring us of His presence and power to deliver us from our precarious situation, we tend to doubt Him.

What is your present situation? Are you too overwhelmed with the situation that you have lost all hope? Do you belief that God is greater than that situation and that He can rescue you from it? Do not doubt God! If you believe, you would see the glory of God (cf. John 11:40).

In His service,

Bayo Afolaranmi (Pastor)

# စာမူများဖိတ်ခေါ်ခြင်း၊

**မြန်မာခရစ်ယာန်** စာစောင်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဘာသာရေးနှင့် ဂိုဏ်းဂဏများ အချင်းချင်း ထိခိုက်စေမှုကင်းသော၊ ကဗျာ၊ ဆောင်းပါး၊ ဓါတ်ပုံ၊ သက်သေခံချက်၊ သတင်းတိုထွာများကိုပေးပို့ပါရန် ခရစ်တော်၏ နာမတော်မြတ်၌ ဖိတ်ခေါ်အပ်ပါသည်။

ဤစာစောင်ကို လစဉ်ပုံမှန်အလိုရှိသောသူများ၊ သက်ဆိုင်ရာ မိမိတို့၏အသင်းတော်အသီးသီး၌သော်၎င်း၊ အောက်ဖေါ်ပြပါလိပ်စာ၌သော်၎င်း၊ မှာကြားနိုင်ပါသည်။

To.

Myanmar Christian Communication Service
1-11-13 Shin Ohashi
Yonezawa Bldg.4.F.
Koto-ku 135-0007
Tokyo, Japan

☏- & 🖷 - 03-5625-9056
e✉ - haukhek@yahoo.com
e✉ - lianthang@hotmail.com